
လုံးချင်းဝတ္ထုသစ်
ဆုလေးနှယ်
ခရီးသွားတစ်ယောက်ရဲ့လမင်း
ပန်းချီ သိန်းရွှေကြည်
2008

"သားရေ...ဒေါက်...ဒေါက်"

မေမေက တံခါးခေါက်သံပေးပြီး သူ့အခန်းတွင်းသို့လှမ်းဝင်လာသည် ။ ဒသဃနကျော်က စာကြည့်စားပွဲပေါ်သတင်းစာဖြန့်ဖတ်ရင်း ခုံကိုနောက်ပြန်လုပ်ကာ ထိုင်နေ၏။

သူ့စားပွဲမှာ ဖတ်လက်စစာအုပ်တွေ၊ ဖွင့်ဖတ်လက်စဘောလုံးဂျာနယ်တွေ၊ ပြာခွက်ထဲမှာ စီးကရက်တိုတွေ ပြည့်မောက်လျှံနေတာတွေ၊ ဇစ်ပိုမီးခြစ်သုံးလုံး တစ်နေရာစီပြန့်ကျဲနေတာတွေ၊ နာရီနှစ်လုံး တစ်နေရာစီ ရောက်နေတာတွေ၊ ပန်းချီစုတ်တံခွက်နှင့် ဆေးစက်တချို့ ပေစွန်းနေတာတွေ၊ ခေါင်းကိုက်သဖြင့် ပါရာစီတမောသောက်ပြီး ဆေးကဒ်ကို ဒီအတိုင်း ချထားတာတွေ၊ သောက်လက်စ ကော်ဖီ ပန်းကန် မုန့်ပန်းကန်တွေ၊ လက်ကိုင်ဖုန်းအဟောင်းရော၊ ဟန်းဆက် မုန့်ပန်းကန်တွေ၊ လက်ကိုင်ဖုန်းအဟောင်းရော၊ ဟန်းဆက်ရော၊ ပိုက်ဆံအိတ်ရောဟာ မြင်မကောင်းအောင် ပြန့်ကျဲရှုပ်ပွနေပါသည် ။

မေမေက သူ့သား သူတစ်ချက်ကြည့်ရင်း ခေါင်းဆက်၏။ သူ့သားက မပြောင်းလဲပါပေ။

ဒါပေမဲ့ တော်သေးတာက ရည်းစားပြတ်ပြီး အသည်းကွဲနေပုံတော့ မပေါက်လို့ ။

မိုးလင်းတာနှင့် ကော်ဖီသောက် မုန့်စား ဂျာနယ်ဖတ် သတင်းစာဖတ် ထုံးစံအတိုင်း နဂိုနေမြဲအတိုင်းပါ။

သို့သော် ဒဿနမျက်နှာလေးက မရွှင်။

အနည်းငယ် ချောင်ကျပြီး လူကလည်း ပိန်သွားသည် ဟု ဒေါ်ခိုင်နှင်းကျော် ထင်သည် ။ သားလေး ခံစားနေရရှာသည် ။

"သား ဒီနေ့ အပြင်ထွက်စရာရှိသေးလား။ မေမေ့ကို ဖုန်းဘီလ်သွားဆောင်ပေးဦးနော်၊ ပိုက်ဆံယူသွား"

"ဟုတ်ကဲ့"

"ထမင်းစားပြီးတာနဲ့ မီအောင်ထွက်နော်၊ နှစ်နာရီထိုးသွားမှ မမီပါဘူး မလုပ်နဲ့ ၊ ဒီနေ့ကိုပဲ နှစ်ဆယ့်ငါးဖြစ်နေပြီ"

"အင်းပါဗျာ…ခေါင်းမစားပါနဲ့ "

"ဟဲ့…မအေကို ခေါင်းစားတယ် ပြောစရာလား"

"ကျွတ်"

ဒဿနကျော်က ဆံပင်တွေထဲ လက်ထိုးဖွလိုက်၏။ သူ့ဆံပင်တွေက အပေါ်ပဲ ထောင်နေတာလား၊ ဂျဲနှင့် ပုံမသွင်းလည်း ပဲ သူ့ဆံပင်တွေကိုက အလိုလို မိုးပေါ်ထောင်နေတာ။

လူက စနေသား။ ဒေါသက ခပ်ကြီးကြီး။

ထစ်ခနဲဆို လက်က မြန်သည် ။

အေးလေ…ဒီလိုတွေကြောင့် ပဲ…။

ဒေါ်ခိုင်နှင်းကျော်က ပင့်သက်ရှိုက်ရင်း သားရဲ့ ခုတင်ပေါ်က စောင်ကို ခေါက်သည် ။ ခေါင်းအုံးနှင့် ဖက်လုံးကိုနေသားတကျထားပြီး၊ အိပ်ယာခင်းဖြူဖြူကို ပြန့်သွားအောင်ဆွဲဆန့်ပြီး မွေ့ယာအောက် ဖိသည် ။

ဒီကောင်လေး အိပ်ယာထရင် ဘယ်တော့မှ အိပ်ယာသေချာမသိမ်း။

ခုတင်အောက်မှာ စားပွဲအောက်မှာ လည်း ဘွတ်ရှူးနှင့် ဝတ်တဲ့ ခြေအိတ်ရောင်စုံတွေ ဒီအတိုင်း လုံးထွေးပစ်ထည့်ထားသည် ။ ဒါကို ကောက်ယူပြီး လျှော်ပေးဦးမှ ...။

မေမေက မြင်တာနှင့် အမြင်မတော်တာတွေ ကောက်သိမ်းရှင်းလင်းနေတော့၏။

သူ့အခန်းထဲဝင်လိုက်ရင် ဘယ်တော့မှ ရှင်းလင်းမနေသဖြင့် မေမေ့မှာ တတောက်တောက်လုပ်စရာ အမြဲရှိသည် ။

ချိတ်မှာ ချိတ်ထားတဲ့ ရှပ်အင်္ကျီတွေက မသိသာမသေသပ်သဖြင့် မေမေက ကော်လံကို တည့်အောင် ပြုပြင်ကာ ပြန်ချိတ်ပေးရသည် ။

ပြီးတော့ သူ့စားပွဲကို လာရှင်းလင်းပေးပြန်၏။

ဒဿနက အိပ်ယာထနောက်ကျပြီး နေမြင့်တတ်သည် ။ ပြီးရင် သီချင်းလေးဖွင့်ပြီး အေးအေးလူလူ မျက်နှာသစ် ကိုယ်လက်သန့်စင်...ပြီးရင် မုန့်စားရင်း ဂျာနယ် နာရီဝက်ခန့် ဖတ်နေမည်။ ပြီးရင် သတင်းစာ။

သူ အိပ်ယာနိုးချိန်ဆို သတင်းစာက ရောက်နေပြီဆိုတော့ အတော်ပင်။

အိမ်မှာ ကောင်မလေး မိစံရှိပေမယ့် မေမေက သူ့အခန်းကို ဘယ်တော့မှ မရှင်းခိုင်းပါ။ မေမေကိုယ်တိုင်ကိုယ်ကျသာ ဝင်ရှင်းပေးနေကျ။

ဒဿနက သတင်းစာဖတ်ရင်း စိတ်ကူးရလာကာ

"မေမေရေ"

"ဟေ...ဘာတုန်း၊ ဘယ်သူ့သတင်းများ လဲ"

သတင်းစာကြည့်ပြီး အရေးတကြီးခေါ်သဖြင့် မေမေက လန့်သွားတဲ့

ပုံ။

"မဟုတ်ပါဘူးဗျာ...သား သူငယ်ချင်းသီဟကြီးသိတယ်မဟုတ်လား။ သူတို့ ဟိုတယ်ကြော်ငြာတာ"

"သူတို့ ဟိုတယ်တွေက ချောင်းသာမှာ လား။ ငွေဆောင်မှာ ဆိုလား ...သားပြောတာ"

"ချောင်းသာမှာ ပါ၊ ဒီမှာ ကြည့် ပုလဲဟိုတယ်တဲ့ ၊ နှစ်ဆယ်ရာခိုင်နှုန်းဒစ်ကောင် 'Discount' တဲ့ ၊ လူ အလာနည်းလို့ လား မသိဘူး။ ဒီအချိန် လူပါးရင် သွားနေဖို့ အတော်ပဲ"

"သားက ချောင်းသာသွားမယ်"

"အင်းလေဗျာ၊ စိတ်ပြေလက်ပျောက်လေး ဖြစ်အောင် သီဟက သား ကို ခေါ်နေတာ ကြာပြီ၊ သူ့အခန်းမှာ သွားနေလိုက်ရင် ဖြစ်တာပဲ၊ ပိုက် ဆံတောင် မကုန်တော့ဘူး"

ဒဿနက သူ့စိတ်ကူးနှင့် သူ ဟုတ်နေပါသည် ။

"သွားတာကတော့ ဟုတ်ပါပြီ၊ မင်း ဟိုမှာ သူများ နဲ့ ရန်မဖြစ်နဲ့ ဦး"

"မဖြစ်ပါဘူးဗျာ"

ထစ်ခနဲရှိ ရန်ပွဲထဲ ရောက်သွားတတ်သော သားကို အမေလုပ်သူက စိတ်မချနိုင်ပေ။

"စိတ်ကို ရှည်ရှည်ထားပါ သားရယ်၊ လူတွေနဲ့ ဆက်ဆံပြောဆိုတဲ့ အ ခါမှာ အကောင်းမြင်ပြီး နည်းနည်းပါးပါး သည်းခံစမ်းပါဦး"

"မေမေကလည်း ဗျာ သား အပြစ်ပဲ ပြောနေတယ်"

"အပြစ်ပြောတာ မဟုတ်ပါဘူး"

"သားက အမြင်မတော်ရင် မတရားတာလုပ်တာတွေ့ရင် ငြိမ်ခံမနေတတ်တာပါ။ ဒဿနက မဟုတ်မခံစိတ်နဲ့ ဗျာ၊ သူများကို ရန်လိုတာ မဟုတ်ပါဘူး"

"အေးပါ...ဘာပဲဖြစ်ဖြစ် မေမေကတော့ ပြဿနာဖြစ်တာ မကြားချင်ဘူး။ အခုလည်း ရွှေဖြူနဲ့ ကွဲရတာ သားမဆင်ခြင်လို့ ပဲမို့လား"

"သူ့အကြောင်း မပြောပါနဲ့ ဗျာ"

"အေးပါ...သားလည်း မေ့လိုက်ပြီ ပျော်ပျော်သာနေ၊ ဖူးစာကံအချိန်ကျရင် သားအတွက် နောက်တစ်ယောက်လာမှာ ပါ"

မေမေက နှစ်သိမ့်သလို ပြောသည် ။

သူတော့ မိန်းမတွေကို ကြောက်သွားပါပြီ။ နားလည်း မလည်နိုင်တော့ပါ။

သူ့ကို ချစ်လှပါချည်ရဲ့ ဆိုတဲ့ မိန်းမဟာလည်း တခြားလူ ရင်ခွင်ထဲ ရောက်သွားခဲ့ပြီ။

တော်ပါပြီကွာ၊ ဒီအကြောင်းတွေ မစဉ်းစားတာပဲ ကောင်းမှာ ပါ။

မေမေ အခန်းပြင် ပြန်ထွက်သွားတော့ သူ  အိပ်ယာပေါ် ကန့်လန့်ဖြတ် လှဲချပစ်လိုက်သည် ။

မစဉ်းစားပါဘူးဆိုမှ ခေါင်းထဲ ဝင်လာတာ ရွှေဖြူအကြောင်းပါပဲ။ သူ မောင်းထုတ်လို့ မရ။

***